# <u>Oji Group ထောက်ပံ့ရေးကွင်းဆက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ဆောင်မှုမူဝါဒ</u>

၂၀၀၇ ဧပြီ ၁ တွင် အတည်ပြုခြင်း
၂၀၁၂ အောက်တိုဘာ ၁ တွင် ပြင်ဆင်ခြင်း
၂၀၁၈ ဒီဇင်ဘာ ၁ တွင် ပြင်ဆင်ခြင်း
၂၀၂၄ ဖေဖော်ဝါရီ ၂၆ တွင် ပြင်ဆင်ခြင်း
၂၀၂၆ ဇူလိုင် ၁၆ တွင် ပြင်ဆင်ခြင်း

<u>အခြေခံအယူအဆ</u>

Oji Group သည် "ထောက်ပံ့ရေးကွင်းဆက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ဆောင်မှုမူဝါဒ" ကို ရေးဆွဲပြဋ္ဌာန်းပြီး ကုန်ကြမ်းသွင်းသူလုပ်ငန်းရှင်များအား ဤကုမ္ပဏီ၏ အယူအဆကို အသိပေးတင်ပြကာ လုပ်ငန်းရှင်များအနေဖြင့် အောက်ပါ သတ်မှတ်ချက်များကို သိရှိနားလည်ပြီးလျှင် လိုက်နာကျင့်သုံးပေးကြပါရန် တောင်းဆိုအပ်ပါသည်။

ဤလုပ်ဆောင်မှုမူဝါဒကို ကုလသမဂ္ဂ၏ "စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ (UNGPs)"၊ OECD ၏ "တာဝန်သိကုမ္ပဏီလုပ်ငန်းကျင့်ဝတ်ဆိုင်ရာ နိုင်ငံစုံကုမ္ပဏီလုပ်ငန်းများ၏ ကျင့်ဝတ်လမ်းညွှန်"၊ ILO ၏ "လုပ်ငန်းခွင် အခြေခံမူနှင့် အခွင့်အရေးဆိုင်ရာ ILO ကြေညာစာတမ်း" စသည်တို့နှင့် အညီ ရေးဆွဲထားပြီး ထောက်ပံ့ရေးကွင်းဆက်တွင် တာဝန်သိကုမ္ပဏီလုပ်ငန်းကျင့်ဝတ်များ လိုက်နာကျင့်ကြံရေးကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ရေးဆွဲပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

<u>Oji Group လူ့အခွင့်အရေးမူဝါဒ</u> နှင့် <u>Oji Group အဂတိလိုက်စားမှု တိုက်ဖျက်ရေးကြေညာစာတမ်း</u>၏ ရည်ရွယ်ချက်များကို ထောက်ပံ့ရေးကွင်းဆက်၏ လက်တွေ့လုပ်ငန်းတာဝန်များတွင် ထည့်သွင်းအကောင်အထည် ဖော်ရန်နှင့် ကုန်ကြမ်းသွင်းသူလုပ်ငန်းရှင်များထံ တောင်းဆိုမည့် အချက်များအဖြစ် ဤလုပ်ဆောင်မှုမူဝါဒကို အသေးစိတ် ရေးဆွဲပြဋ္ဌာန်းထားပါသည်။

Oji Group သည် ဤလုပ်ဆောင်မှုမူဝါဒအား လိုက်နာရေးကို ကုန်ကြမ်းသွင်းသူလုပ်ငန်းရှင်များနှင့် ချုပ်ဆိုသော ကုန်သွယ်ရောင်းဝယ်မှုစည်းကမ်းချက် တစ်စိတ်တစ်ပိုင်းအဖြစ် သတ်မှတ်ထားပြီး လိုက်နာမှု ရှိမရှိ စစ်ဆေးကြည့်ရှုသွားပါမည်။ ဤလုပ်ဆောင်မှုမူဝါဒအား တစ်စုံတစ်ရာ ကြီးလေးစွာ ချိုးဖောက်ထားကြောင်း

စစ်ဆေးတွေ့ရှိပါက ကုန်ကြမ်းသွင်းသူလုပ်ကြီးမင်းတို့နှင့် တွေ့ဆုံဆွေးနွေးပြီး ပြုပြင်ပြောင်းလဲပေးပါရန် တောင်းဆိုသွားပါမည်။ ပြုပြင်ပြောင်းလဲမှု တစ်စုံတစ်ရာ မတွေ့ရှိပါက ကုန်ကြမ်း ဝယ်ယူမှုကို ရပ်ဆိုင်းခြင်း အပါအဝင် စီးပွားဖက်ဆက်ဆံရေးကို ပြန်လည်သုံးသပ်သွားပါမည်။

<u>ကုန်ကြမ်းသွင်းသူလုပ်ကြီးမင်းတို့ထံ ပန်ကြားချက်</u>

ကုန်ကြမ်းသွင်းသူလုပ်ကြီးမင်းတို့အား Oji Group မှ အောက်ပါအချက်များကို ကျင့်သုံးဆောင်ရွက်ပေးပါရန် ပန်ကြားလိုပြီး မိမိတို့သည်လည်း ကုန်ကြမ်းသွင်းသူလုပ်ကြီးမင်းတို့နှင့် အတူတကွ ကြိုးပမ်း၍ ကျင့်သုံးဆောင်ရွက်သွားပါမည်။

ထို့အပြင် လုပ်ကြီးမင်းတို့၏ ထောက်ပံ့ရေးကွင်းဆက်များတွင်လည်း အလားတူ ကျင့်သုံးရန် ထည့်သွင်းစဉ်းစားပေးစေလိုပါသည်။

<u>(၁) ဥပဒေနှင့် လုပ်မှုကျင့်ဝတ်များ စောင့်ထိန်းလိုက်နာခြင်း၊ တရားမျှတစွာ ကုန်သွယ်ရောင်းဝယ်ခြင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်တားဆီးခြင်း</u>

စီးပွားရေး လုပ်ကိုင်မည့် နိုင်ငံ သို့မဟုတ် ဒေသတွင်းရှိ သက်ဆိုင်ရာ ဥပဒေများ သို့မဟုတ် လုပ်မှုကျင့်ဝတ်များနှင့်အညီ စီးပွားရေးကို လုပ်ကိုင်ရမည်။

1. သက်ဆိုင်ရာ ဥပဒေများနှင့် နိုင်ငံတကာ သဘောတူညီချက် စသည်တို့ကို လေးစားလိုက်နာရေး
2. တရားမျှတစွာ ကုန်သွယ်ရောင်းဝယ်ရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်တားဆီးရေးကို ကြပ်မတ်စွာ ဆောင်ရွက်ရေး (လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုနှင့် အခြားမသမာမှုများ တားမြစ်ရေးလည်း အပါအဝင် ဖြစ်သည်)

3. မိမိကိုယ်ကျိုးစီးပွား သို့မဟုတ် အခြားသူ၏ အကျိုးစီးပွားသည် လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို လွှမ်းမိုးသည့် သို့မဟုတ် လွှမ်းမိုးနိုင်သည့် အကျိုးစီးပွားပဋိပက္ခမျိုး ဖြစ်စေမည့် အခြေအနေကို ရှောင်ရှားရေး
4. ထုတ်ကုန်နှင့် ဝန်ဆောင်မှု စသည်တို့၏ သင့်လျော်သော အရည်အသွေးကို ထိန်းသိမ်းရေး

<u>(၂) သဘာဝပတ်ဝန်းကျင်အရေး စဉ်းစားငဲ့ညှာခြင်း</u>

စီးပွားရေးလုပ်ကိုင်ရာတွင် ဒေသခံလူထုနှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ သဘာဝသယံဇာတများ၊ ရာသီဥတု ပြောင်းလဲမှု၊ သယံဇာတရင်းမြစ်များ ပြန်လည်သုံးစွဲခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြားပြဿနာများ ဖြစ်စေနိုင်သည်များကို စဉ်းစားငဲ့ညှာ၍ စီးပွားရေး လုပ်ကိုင်ရမည်။

1. သဘာဝပတ်ဝန်းကျင် စီမံထိန်းသိမ်းရေးစနစ် ထူထောင်ရေးနှင့် ထိုစနစ် အားကောင်းရေး
2. ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး
3. သစ်တော ပြုန်းတီးမှုနှင့် သစ်တောမြေ ပြောင်းလဲမှု မဖြစ်စေသော ကုန်ကြမ်းမျိုးကိုသာ ဝယ်ယူရေး (နောက်ဆုံးရက် - ၂၀၂၀ ဒီဇင်ဘာ ၃၁)
4. ကာကွယ်ထိန်းသိမ်းရေးတန်ဖိုးမြင့် (HCV) နယ်မြေများ၊ ကာဗွန်သိုလှောင်မှု မြင့်မားသော သစ်တောများ (HCS) နှင့် သစ်ဆွေးမြေများ ထိန်းသိမ်းစောင့်ရှောက်ရေး
5. ရေအရင်းအမြစ် ထိန်းသိမ်းစောင့်ရှောက်ရေး
6. ရာသီဥတုပြောင်းလဲမှု ဖြေရှင်းဆောင်ရွက်ရေး
7. အမှိုက်ထွက်ရှိမှုပမာဏ လျှော့ချရေးနှင့် သဘာဝရင်းမြစ်များ အကျိုးရှိစွာ သုံးစွဲရေး
8. သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး
9. ဓာတုပစ္စည်း စီမံထိန်းချုပ်ရေး

(၃) လူ့အခွင့်အရေး လေးစားလိုက်နာခြင်းနှင့် လုပ်ငန်းခွင်အလေ့အထများ

ဝန်ထမ်းများ၏ လူ့အခွင့်အရေးကို လေးစားလိုက်နာရမည့်အပြင် ဘေးကင်းလုံခြုံ၍ သက်သောင့်သက်သာ ရှိသော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ဖန်တီးပေးရမည်။

1. လူ့အခွင့်အရေး လေးစားလိုက်နာရေး၊ ခွဲခြားဆက်ဆံမှု၊ အနိုင်ကျင့်နှောင့်ယှက်မှုအမျိုးမျိုး၊ ရိုက်နှက်အပြစ်ပေးမှု အပါအဝင် ညှဉ်းပန်းနှိပ်စက်မှုများကဲ့သို့ လူမဆန်စွာ ပြုမူဆက်ဆံမှုများ တားမြစ်ရေး
2. ဝန်ထမ်းများအား အဓမ္မအလုပ်ခိုင်းစေမှုနှင့် ကလေးလုပ်သား ခိုင်းစေမှုကို တားမြစ်ရေးနှင့်အတူ အလုပ်လုပ်နိုင်သော အငယ်ဆုံး အသက်အရွယ်သို့ပင် မရောက်သေးသည့် ကလေးသူငယ်များအား အလုပ်ခန့်အပ်မှုကို တားမြစ်ရေး
3. အလုပ်ခန့်အပ်ရာတွင် ကျား/မ၊ လူမျိုး၊ ဘာသာရေး စသည်တို့ဖြင့် ခွဲခြားဆက်ဆံမှုကို တားမြစ်ရေး
4. တရားဝင်အနိမ့်ဆုံး လုပ်ခလစာထက် သာလွန်သော လုပ်ခလစာ ရရှိစေရေး
5. ဝန်ထမ်းများ၏ အလုပ်သမားသမဂ္ဂ ဖွဲ့စည်းပိုင်ခွင့်၊ အလုပ်ရှင်နှင့်အလုပ်သမားသမဂ္ဂ ညှိနှိုင်းပိုင်ခွင့်ကို လေးစားလိုက်နာရေး
6. တရားဝင် ကန့်သတ်ထားသည့် အလုပ်လုပ်ချိန်ကို လေးစားလိုက်နာရေးနှင့် အချိန်ကြာမြင့်စွာ အလုပ်လုပ်ရခြင်းကို ကာကွယ်တားဆီးရေး
7. ဝန်ထမ်းများအတွက် လုံခြုံဘေးကင်း၍ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးတို့နှင့် ညီညွတ်သော လုပ်ငန်းခွင်ပတ်ဝန်းကျင် ဖန်တီးရေး
8. ထောက်ပံ့ရေးကွင်းဆက် တစ်ခုလုံး အကျုံးဝင်သော ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာသန့်ရှင်းရေးကို မြှင့်တင်ဆောင်ရွက်ရေး

(၄) လူထုနှင့် ဆက်သွယ်ပြောဆိုခြင်း

စီးပွားရေးလုပ်ငန်းများ လည်ပတ်လုပ်ကိုင်ရာတွင် သက်ဆိုင်မှု ရှိသော ဒေသခံလူထုနှင့် ဆက်သွယ်ပြောဆိုရမည်။

1. အကျိုးစီးပွားဆက်စပ်သူများနှင့် ဆက်သွယ်ပြောဆိုခြင်းဖြင့် ယုံကြည်ရသော ဆက်ဆံရေးတစ်ရပ် ထူထောင်ရေး
2. ဒေသအကျိုးနှင့် လူထုအကျိုး သယ်ပိုးရေး
3. စီးပွားရေးလုပ်ကိုင်မည့် ဒေသတွင်းရှိ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာရေး၊ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံလူထု (IPLC) ၏ အခွင့်အရေးများကို အသိအမှတ်ပြုရေးနှင့် လေးစားလိုက်နာရေး။ (စီးပွားရေး လုပ်ကိုင်ရာတွင် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံလူထု၏ အခွင့်အရေးများကို ထိခိုက်နိုင်ပါက ထိုသူတို့အား ကြိုတင်၍ သတင်းအချက်အလက်များ အပြည့်အစုံ ပေးအပ်ပြီးလျှင် ထိုသူတို့၏ ဆန္ဒအလျောက် ချုပ်ဆိုနိုင်သည့် သဘောတူညီချက် (FPIC) ကို လေးစားလိုက်နာရမည်။)
4. သင့်တော်သော သတင်းအချက်အလက်များ ထုတ်ပြန်ရေးနှင့် ထိန်းသိမ်းကာကွယ်ရေး

*ဤလုပ်ဆောင်မှုမူဝါဒသည် Oji Group မှ ဝယ်ယူဖြည့်တင်းနေသော ကုန်ကြမ်းအားလုံးနှင့် သက်ဆိုင်သည်။ သစ်သားကုန်ကြမ်းနှင့် ပတ်သက်လျှင်မူ "<u>သစ်သားကုန်ကြမ်းများ ဝယ်ယူဖြည့်တင်းရေးမူဝါဒ</u>" ကို သီးခြား ပြဌာန်းထားသည်။

*"နောက်ဆုံးရက် - ၂၀၂၀ ဒီဇင်ဘာ ၃၁" ဆိုသည်မှာ ထိုရက်နောက်ပိုင်းမှစ၍ သစ်တော ပြုန်းတီးမှု သို့မဟုတ် သစ်တောမြေ ပြောင်းလဲမှု ဖြစ်ပွားခဲ့သည့် မြေယာပေါ်တွင် ထုတ်လုပ်ထားသော ကုန်ကြမ်းပစ္စည်းများကို ဝယ်ယူတော့မည် မဟုတ်ဟု ဆိုလိုသည်။

*သဘာဝပတ်ဝန်းကျင်အရေး သို့မဟုတ် လူထုအရေးအား စဉ်းစားငဲ့ညှာထားသော ရေရှည်တည်တံ့ခိုင်မြဲမှု ရှိသည့်

ကုန်ကြမ်းဝယ်ယူရေးကို ထိရောက်စွာ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ကုန်ကြမ်းသွင်းသူလုပ်ကြီးမင်းတို့သည် ဤလုပ်ဆောင်မှုမူဝါဒအပေါ် မည်မျှ ကျင့်သုံးလိုက်နာသည်ကို လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်အရေးနှင့် လူထုအရေးကို မည်မျှ စဉ်းစားငဲ့ညှာသည်ကို လည်းကောင်း သိရှိနိုင်ရန် လူကြီးမင်းတို့၏ လုပ်ငန်းစွမ်းဆောင်ရည်ကို ပုံမှန် လေ့လာစောင့်ကြည့်သွားပါမည်။

*ဤကုမ္ပဏီလုပ်ငန်းစုနှင့် ကုန်သွယ်ရောင်းဝယ်ရာတွင် ဥပဒေချိုးဖောက်မှု ဖြစ်လာနိုင်သည်များ၊ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု ဖြစ်လာနိုင်သည်များအပြင် အကျိုးစီးပွားပဋိပက္ခ ဖြစ်လာနိုင်သည်များကို တွေ့ရှိပါက ထိုအခြေအနေများကို ကုန်ကြမ်းသွင်းသူလူကြီးမင်းတို့အနေဖြင့် သင့်လျော်စွာ ထုတ်ဖော်ပြောဆိုရန်နှင့် သင့်လျော်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်ပါသည်။

*ဤလုပ်ဆောင်မှုမူဝါဒအပေါ် အခြေခံပြီး လေ့လာစောင့်ကြည့်ခဲ့သည့် ရလဒ်များနှင့် နှစ်စဉ်တိုးတက်မှုများကို ပေါင်းစပ်အစီရင်ခံစာများ၊ ရေရှည်တည်တံ့ခိုင်မြဲရေးအစီရင်ခံစာများ၊ ESG အချက်အလက်များ စသည်တို့မှတစ်ဆင့် နှစ်စဉ် ထုတ်ပြန်သွားပါမည်။

*ကုလသမဂ္ဂ၏ "စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ (UNGPs)" နှင့်အညီ ဖွဲ့စည်းထားသော တရားစီရင်ရေးပြင်ပ <u>တိုင်ကြားမှု ဖြေရှင်းရေးယန္တရား</u> တွင် ပါဝင်၍ ဝန်ထမ်းများ၊ ထောက်ပံ့ရေးကွင်းဆက်များ၊ ဒေသခံများနှင့် ဌာနေတိုင်းရင်းသားများကဲ့သို့ အကျိုးစီးပွားဆက်စပ်သူ အားလုံးမှ အသုံးပြုနိုင်ပြီး Oji Group ၏ ပြည်တွင်းပြည်ပ တန်ဖိုးကွင်းဆက်တစ်ခုလုံးတွင် ဖြစ်ပွားနိုင်သော လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများအပေါ် ကုစားပေးနိုင်မည့် ဌာနတစ်ခုကို ဤကုမ္ပဏီလုပ်ငန်းစုတွင် ဖွင့်လှစ်ထားပြီး လျော်ကန်စွာ အရေးယူဆောင်ရွက်နိုင်မည့် ဖွဲ့စည်းပုံစနစ်တစ်ရပ်ကို ထူထောင်ထားပါသည်။